# Burmese Democratic Futures Working Group – BDFWG

# University of Virginia

## Myanmar Weekly Conflict Update (January 15 - 21, 2025)

## ဇန်နဝါရီလ တတိယပတ်အတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

- မြန်မာနိုင်ငံ အနှံ့အပြားတွင် ဇန်နဝါရီလ တတိယပတ်အတွင်း စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၆၅ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် သံဃာ ၂ ပါး၊ ကလေး ၁၁ ဦးနှင့် အမျိုးသမီး ၂၈ ဦး ပါဝင်ပါသည်။
- ရခိုင်ပြည်နယ်တွင် သေဆုံးမှုဦးရေမှာ အများဆုံးဖြစ်ပြီး ၂၉ ဦး သေဆုံးခဲ့ပါသည်။ ပဲခူးတိုင်းတွင် ၁၁ ဦး၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၆ ဦးစီ၊ ကရင်နီပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် ၃ ဦးစီ၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၁ ဦးတို့ ဖြစ်ကြပါသည်။
- လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးသူ ၄ ဦး၊ လေကြောင်းနှင့် ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၆၀ ဦးတို့ ဖြစ်ပါသည်။

### မီးရှို့ဖျက်ဆီးမှုများ

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်း ၅ ခုတွင် စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၆၃ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

- မကွေးတိုင်းတွင် နေအိမ် ၃၇ လုံး၊ စစ်ကိုင်းတိုင်းတွင် နေအိမ် ၁၃ လုံး၊ ရခိုင်ပြည်နယ်တွင် နေအိမ် ၉ လုံး၊ တနင်္သာရီတိုင်းတွင် နေအိမ် ၃ လုံးနှင့် မွန်ပြည်နယ်တွင်  ၁ လုံးတို့ ဖြစ်ကြပါသည်။

**ဖမ်းဆီးခံရမှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်း ၆ ခုတွင် ဇန်နဝါရီလ တတိယပတ်အတွင်း အရပ်သားပြည်သူ ၂၀၇ ဦး ဖမ်းဆီးခံခဲ့ရသည်။ မကွေးတိုင်းတွင် ၁၀၁ ဦး၊ တနင်္သာရီတိုင်းတွင် ၅၀ ဦး၊ ပဲခူးတိုင်းတွင် ၃၀ ဦး၊ စစ်ကိုင်းတိုင်းတွင် ၁၃ ဦး၊ ဧရာဝတီတိုင်းတွင် ၁၁ ဦးနှင့် ရန်ကုန်တိုင်းတွင် ၂ ဦးတို့ ဖြစ်ကြပါသည်။

**လေကြောင်းမှ တိုက်ခိုက်မှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်း ၁၃ ခုတွင် ဇန်နဝါရီလ တတိယပတ်အတွင်း စစ်ကောင်စီတပ်မှ လေကြောင်းတိုက်ခိုက်မှု ၅၁ ကြိမ်ပြုလုပ်ခဲ့ပါသည်။ တနင်္သာရီတိုင်းတွင် ၂၃ ကြိမ်၊ စစ်ကိုင်းတိုင်းတွင် ၇ ကြိမ် ၊ ရခိုင်ပြည်နယ်တွင် ၄ ကြိမ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၃ ကြိမ်စီ၊ ဧရာဝတီတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် ၂ ကြိမ်စီ၊ ပဲခူးတိုင်း၊ ကချင်ပြည်နယ်၊ ကရင်နီပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၁ ကြိမ်စီတို့ ဖြစ်ကြပါသည်။

## ဇန်နဝါရီလ တတိယပတ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ

**တိုက်ပွဲနှင့် ထိခိုက်သေဆုံးမှု**

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ တတိယပတ်အတွင်း ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ်ပေါင်း ၄၇ ကြိမ် ဖြစ်ပွားခဲ့သည်။ မကွေးတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံး ဖြစ်ပြီး ၁၃ ကြိမ် ဖြစ်ပွားခဲ့သည်။ စစ်ကိုင်းတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၁၀ ကြိမ် ဖြစ်ပွားခဲ့သည်။ ဧရာဝတီတိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၆ ကြိမ်စီ၊ မွန်ပြည်နယ်တွင် ၄ ကြိမ်၊ ပဲခူးတိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ၃ ကြိမ်စီ၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ၁ ကြိမ်စီတို့ ဖြစ်ပါသည်။ ချင်းပြည်နယ်၊ ကရင်နီပြည်နယ်၊ မန္တလေးတိုင်း၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိုက်ပွဲဖြစ်ပွားခြင်း လုံးဝမရှိပါ။

ဇန်နဝါရီလ တတိယပတ်အတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်သား ၂၇၉ ဦး သေဆုံးခဲ့ပြီး တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့မှ ၄ ဦး ကျဆုံးခဲ့ပါသည်။

# တစ်ပတ်အတွင်း စစ်ရေးဖြစ်ပေါ်တိုးတက်မှု


**AA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး**

- ဇန်နဝါရီ ၁၈ ရက်တွင် ဧရာဝတီတိုင်း၊ ပုသိမ်မြို့နယ်အတွင်းရှိ ဘောမိကျေးရွာအား ရက္ခိုင့်တပ်တော် (AA)နှင့် ပူးပေါင်းတပ်ဖွဲ့များက သိမ်းပိုက်နိုင်ခဲ့သည်။

**KNLA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး**


- ဇန်နဝါရီ ၁၂ ရက်က ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်ရှိ စစ်ကောင်စီ၏ အောင်ဇေယျစစ်ဆင်ရေး ရှေ့တန်းစခန်းတစ်ခုကို တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့မှ ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ လက်နက်ခဲယမ်းအမြောက်အများ သိမ်းဆည်း ရရှိခဲ့သည်။

**ဇန်နဝါရီ ၁၅ ရက်မှ ၂၁ ရက်အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**




| Data of Myanmar Conflict 15-21, January 2025 | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EAOs** | **Air Strike** | **SAC's soldiers killed** | **PDF killed** | **Childre n killed** | **Civilian s killed** | **Civilians arreste d** | **Houses burned down** |
| **AYEYARWAD Y** | 6 | 2 | | | | | 11 | |
| **BAGO** | 3 | 1 | 9 | | | 11 | 30 | |
| **KACHIN** | 3 | 1 | | | | | | |
| **KARENNI** | | 1 | | | | 3 | | |
| **KAYIN** | 1 | 3 | 1 | | | | | |
| **MAGWAY** | 13 | 2 | 40 | | | 6 | 101 | 37 |
| **MANDALAY** | | 2 | | 1 | | 3 | | |
| **MON** | 4 | 1 | 8 | | | | | 1 |
| **RAKHINE** | | 4 | | | 8 | 21 | | 9 |
| **SAGAING** | 10 | 7 | 85 | 3 | 2 | 4 | 13 | 13 |
| **SHAN ( N )** | | 1 | | | | 1 | | |
| **SHAN ( S )** | 6 | 3 | 130 | | 1 | 5 | | |
| **TANINTHARYI** | 1 | 23 | 6 | | | | 50 | 3 |
| **YANGON** | | | | | | | 2 | |
| **TOTAL** | **47** | **51** | **279** | **4** | **11** | **54** | **207** | **63** |

## Map of Myanmar Conflict ( January 15-21, 2025 )



## တစ်ပတ်အတွင်း နိုင်ငံရေးဖြစ်စဉ်

စစ်ကောင်စီတပ်နဲ့ ကိုးကန့်တပ်မတော် (MNDAA) က နှစ်ဖက်ကိုယ်စားလှယ်တွေ တရုတ်နိုင်ငံ၊ ကူမင်းမြို့မှာ ဇန်နဝါရီ ၁၆ ရက်တွင် ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

ကိုးကန့်တပ်(MNDAA)နဲ့ မြန်မာစစ်တပ်တို့ကြား တရားဝင်အပစ်ရပ်လိုက်ပြီလို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရသူ မော်နင်းက ဇန်နဝါရီ ၂၀ ရက် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ သတင်းစာရှင်းလင်းပွဲမှာ ထုတ်ပြန်ခဲ့ပါတယ်။

တရုတ်နိုင်ငံရဲ့ ညွှန်ကြားချက်နဲ့ “ဝ” (UWSA) တပ်ဖွဲ့ထိန်းချုပ်ဒေသ မှ MNDAA ကိုးကန့် တပ်ဖွဲ့ထိန်းချုပ်ဒေသသို့ ကုန်ပစ္စည်းသယ်ဆောင်ခွင့်ကို ပြန်လည်ခွင့်ပြုလိုက်တယ်လို့ UWSA “ဝ” တပ်ဖွဲ့ စစ်ဦးစီးချုပ်ရုံးက ဇန်နဝါရီ ၂၀ ရက်မှာ ထုတ်ပြန်လာပါတယ်။

**ကိုးကား - The Irrawaddy, Ayeyarwaddy Times, ThanLwin Myanmar, Mizzima, Myanmar Now, Myanmar Pressphoto Agency, Khit Thit Media, Narinjara, DVB, BBC, MeKong News, ThanLwin Times, PVTV, RFA, Khonumthung Burmese.**